# စကားနိဒါန်း

စာအုပ်အမည်ကို ကြည့်ပြီး ကျွန်တော့်ကို အပြစ်ပြောတော့မယ်ဆိုတာ သိနေပါတယ်။ 'မသိသူကျော်သွား သိသူဖော်စား' ဆိုတဲ့ စကားပုံတောင် မကြားဖူးဘူးလားလို့ မေးကြလိမ့်မယ်။ ကောင်းကောင်းကြီး ကြားဖူးပါတယ်။ အဲဒီ စကားပုံကိုပဲ အခြေခံပြီး ဆရာကြီး ပီမိုးနင်းက 'မသိသူကျော်သွား'ဆိုတဲ့ တက်ကျမ်းတစ်အုပ်နဲ့ 'သိသူဖော်စား' ဆိုတဲ့ တက်ကျမ်းတစ်အုပ် စုစုပေါင်း တက်ကျမ်းနှစ်အုပ် ရေးခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ စကားပုံရဲ့ ရှေ့တစ်ဝက်နဲ့ နောက်တစ်ဝက်ကို ပေါင်းပြီး 'မသိသူ ဖော်စား'လို့ အမည်ပေးလိုက်တာပါ။ အင်္ဂလိပ်စာနဲ့သက်ဆိုင်တဲ့ အသုံးအနှုန်းတွေကို မသိသေးတဲ့သူတွေ ဒီစာအုပ်ထဲဝင်ပြီး တဝကြီးဖော်စားကြပေတော့ ဆိုတဲ့သဘောနဲ့ ရေးလိုက်ခြင်း ဖြစ်ပါတယ်။

ဒီစာအုပ်ရေးရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ . . .

ကျွန်တော် အင်္ဂလိပ်စကားပြောနဲ့ အင်္ဂလိပ်ဘာသာရပ်ကို သင်ခဲ့တာ ရာစုနှစ် တစ်ဝက်လောက်နီးနီး ရှိခဲ့ပါပြီ။ အဲဒီစာသင်သက်တမ်း တစ်လျှောက်မှာ ဘာသတိထားမိလဲဆိုတော့ အင်္ဂလိပ်စာ လေ့လာလိုက်စားနေတဲ့ ကျောင်းသူကျောင်းသား အများစုဟာ speaking နဲ့ grammar ကိုပဲ အတော် အားသန်ကြတယ်။ ပိုပြီးအားသန်တာကတော့ အလွတ်ကျက်တာနဲ့ ပုံသေနည်းတွေ မှတ်တာပါပဲ။ Speaking ဆို အလွတ်ကျက်၊ grammar ဆို ပုံသေနည်းတွေမှတ် . . . ဒီလိုနဲ့ပဲ တဝဲလည်လည် ဖြစ်နေကြပါလေရော။ အဲ . . . အသုံးအနှုန်းနဲ့ပတ်သက်လို့ မေးကြည့်လိုက်တဲ့အခါ ကြောင်တောင်တောင်၊ ယောင်တောင်တောင်တွေ ဖြစ်ကုန်ရော။

ဥပမာ replace နဲ့ substitute ဘာကွာလဲလို့ မေးရင် အတူတူပါပဲလို့ ပြီးစလွယ် ဖြေလိုက်ကြတယ်။ အသုံးအနှုန်းချင်း မတူတာကို မသိကြရှာဘူး။

အဆိုတော်လွှမ်းပိုင် သီဆိုတဲ့ *The Whole Burma First* သီချင်း ခေါင်းစဉ်ဟာ အိုကေရဲ့လား မေးကြည့်။ မအိုကေဘူးဆိုတာ သိသူ အတော်နည်းပါးမှာပါ။ Season (ရာသီဥတု)၊ climate (ဥတုရာသီ)နဲ့ weather (မိုးလေဝသ) ဘာကွာလဲ ဆိုတာလည်း သဲသဲကွဲကွဲ မသိကြ။

အသံထွက်နဲ့ ပတ်သက်ရင်လည်း eyebrow ကို 'အိုင်းဘရိုး' ဖတ်လိုဖတ်။ Devil ဆိုတဲ့ နတ်မိစ္ဆာကိုလည်း 'ဒီးဗိလ်' ဖတ်လိုဖတ်နဲ့ တလွဲတချော်တွေ များတယ်။ သဒ္ဒါဘက်က a few နဲ့ few ဘာကွာလဲ မေးကြည့်။ အတူတူပါပဲလို့ ဖြေတဲ့သူတွေက တထောကြီး။

တပည့်မ တစ်အုပ်စုကတော့ သူတို့သူငယ်ချင်းတစ်ယောက် ကိုယ်ဝန်ဆောင်တာ abortion ဖြစ်သွားလို့ ဝမ်းနည်းကြတယ်ဆိုပဲ။ Abortion ဆိုတာ ကိုယ်ဝန်ဖျက်ချတာလား၊ ကိုယ်ဝန်ပျက်ကျတာလားဆိုတာ မသိဘဲနဲ့ သူငယ်ချင်း abortion ဖြစ်တာဆိုပြီး ဝမ်းနည်းကြသေးတယ်တဲ့။

ကျွန်ုပ်တို့ နိုင်ငံမှာ ပညာတတ်ပုဂ္ဂိုလ်တွေ ရှားပါးလာတာကို 'Educated people are rare in our country' လို့ သုံးမိတော့ နိုင်ငံလည်း အရှက်တကွဲ အကျိုးနည်းရပါလေရော။

စာလုံးရွေးချယ်မှုနဲ့ စာလုံးအသုံးအနှုန်းတွေမှာ အတော်ကလေး အားနည်းနေကြတော့ ပြောချင်တာကတစ်မျိုး၊ ပြောလိုက်တာက တလွဲတွေ ဖြစ်ပြီး တတ်ထားတဲ့အင်္ဂလိပ်စာလည်း တလွဲတချော်တွေ ဖြစ်ကုန်ပါလေရော။ Facebook ပေါ်မှာ အင်္ဂလိပ်လိုရေးထားတဲ့ ကြော်ငြာတွေ၊ ဖိတ်စာတွေ၊ ကော့မင့်တွေ ဖတ်လိုက်ရင်လည်း တလွဲတချော်တွေက များတယ်။ ဒါကြောင့် အဲ့ဒီအားနည်းချက်တွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ဒီစာအုပ်ကို ရေးလိုက်ရခြင်း ဖြစ်ပါတယ်။

ဒီစာအုပ်ရေးသားရာမှာ သီးခြားအင်္ဂလိပ်စာအုပ်ကို တိုက်ရိုက်ဘာသာပြန်ဆိုခြင်း မရှိပါ။ မှီငြမ်းစာအုပ် အနည်းငယ်ကိုသာ စစ်ကူ ယူထားတာဖြစ်ပြီး စာအုပ်ပါ အချက်အလက် အများစုကတော့ ကျွန်တော့်ရဲ့ စာသင်သက်တမ်း နှစ်(၅၀) အတွေ့အကြုံတွေကို မှီးထားခြင်း ဖြစ်ပါတယ်။

ဒီစာအုပ်ထဲမှာ အင်္ဂလိပ်စာ လေ့လာလိုက်စားတဲ့ ကျောင်းသူ ကျောင်းသားတွေ သာမက၊ အင်္ဂလိပ်စာသင်နေတဲ့ ဆရာ ဆရာမတွေတောင် ဇဝေဇဝါ ဖြစ်တတ်တဲ့ အမှားပေါင်း (၁၀၀)ကို ပုံတွေနဲ့ယှဉ်ပြီး အလွယ်ကူဆုံး ရှင်းပြထားလို့ နားလည်ဖို့ လွယ်သလို၊ မှတ်မိဖို့လည်း လွယ်မှာပါ။

စာသင်သက် နှစ်(၅၀)အတွင်းမှာ တပည့်တွေရဲ့ အမှားပေါင်းဟာ (၁၀၀) မက (၁၀၀၀)လောက် ရှိနိုင်ပါတယ်။ အဲဒီအမှားတွေကို အမှန်ပြန်သိရှိနိုင်ဖို့ **'မသိသူ ဖော်စား အင်္ဂလိပ်စကား (ဒုတိယတွဲ)'** ကိုလည်း ပြုစုနေပြီဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်လိုက်ပါတယ်။ စကားပြောနှင့်သဒ္ဒါကို အသားပေး ရေးသားထားမှာဖြစ်လို့ စောင့်မျှော်ဖတ်ရှု စေလိုပါတယ်။

အခု ဒီစာအုပ်ထဲက မသိသေးတဲ့ အသုံးအနှုန်း (၁၀၀)ကို ဖော်စားမိတဲ့ ကျောင်းသူကျောင်းသားများ အင်္ဂလိပ်စာအမှားများ လုံးဝကင်းကြပါစေ။

**မိုးမြင့်မောင်**
**(အယ်ဒီတာချုပ်)**
**Top English မဂ္ဂဇင်း**

# မာတိကာ

1. ACCIDENTALLY - ACCIDENTLY 2
2. ACCOMPANY WITH 3
3. ADAPT - ADOPT 4
4. ADOPTED - ADOPTIVE 5
5. ADVICE - ADVISE 6
6. A FEW - FEW 7
7. @ - ALIAS 8
8. ALLIGATOR - CROCODILE 9
9. ANGEL - ANGLE 10
10. ANNE - ANNIE 11
11. ASLEEP - SLEEPING 12
12. ATTEND - ATTEND TO 13
13. BARACK - BARRACK 14
14. BEAUTY SALON - BEAUTY SALOON 15
15. BECAUSE - BECAUSE OF 16
16. BORED - BORING 17
17. BORROW - LEND 18
18. BOUNCE - HOP 19
19. BRING - TAKE - FETCH 20
20. CALENDAR - CALENDER 21
21. CANNOT - CAN NOT 22
22. CHILDISH - CHILDLIKE 23
23. CHILE - CHILLI - CHILLY 24
24. CLOTH - CLOTHES 25
25. COLLEGE - COLLAGE 26
26. CONGRATULATE FOR - CONGRATULATE ON 27
27. CONTINUOUS - CONTINUAL 28
28. COOK - COOKER 29
29. CROSSBOW - LONGBOW 30
30. CYCLONE - HURRICANE 31
31. DEPENDANT - DEPENDENT 32
32. DESERT - DESSERT 33
33. DEVIL - EVIL 34
34. DIED OF - DIED WITH 35
35. DISCUSS ABOUT 36
36. DRIER - DRYER 37
37. DWARF - MIDGET 38
38. e.g - i.e 39
39. EVERYDAY - EVERY DAY 40
40. EXCITED - EXCITING 41
41. EYEBROW 42
42. FAMOUS - NOTORIOUS 43
43. FEEL PITY - TAKE PITY 44
44. FIRST COME, FIRST SERVE - FIRST COME, FIRST SERVED 45
45. FOREWORD - PREFACE - INTRODUCTION 46
46. GIRLFRIEND - GIRL FRIEND 47
47. GO TO ABROAD 48
48. HANGED - HUNG 49
49. HAVE A SEAT - TAKE A SEAT 50
50. HEROIN - HEROINE 51
51. HISTORIC - HISTORICAL 52
52. HONORABLE - HONORARY 53
53. ILL - SICK 54
54. INTERESTED - INTERESTING 55
55. IN THE BLACK SHIRT - WITH THE BLACK SHIRT 56
56. IN TIME - ON TIME 57
57. IT'S I - IT'S ME 58
58. LEAVE TO - LEAVE FOR 59
59. LISTEN - LISTEN TO 60
60. LAMA - LLAMA 61
61. LOUD SPEAKER - LOUDSPEAKER 62
62. LOVELY - LOVING 63
63. MADE FROM - MADE OF 64
64. MARRIAGE - WEDDING 65
65. MARRY - MERRY 66
66. MASSAGE- MESSAGE 67
67. MEET AN ACCIDENT - MEET WITH AN ACCIDENT 68
68. MISCARRIAGE - ABORTION 69
69. NAKED - NUDE 70
70. NOBEL - NOBLE 71
71. OUT OF DATE - OUT-OF-DATE 72
72. PATROL - PETROL 73
73. POSE - POST 74
74. PRICE - PRIZE 75
75. PRINCIPAL - PRINCIPLE 76
76. PUPPET - MARIONETTE 77
77. RARE - SCARCE 78
78. REFUSE - DENY 80
79. REPEAT AGAIN 81
80. REPLACE - SUBSTITUTE 82
81. REWARD - AWARD 83
82. ROB - STEAL 84
83. RUNNERS-UP - RUNNER-UPS 85
84. SENIOR THAN - SENIOR TO 86
85. SHADE - SHADOW 87
86. SINK - DROWN 88
87. SIT IN A CHAIR - SIT ON A CHAIR 89
88. SPOONS FULL - SPOONFULS 90
89. STATIONARY - STATIONERY 91
90. TALL - HIGH 92
91. THANKS GOD - THANK GOD 94
92. THE WHOLE - THE WHOLE OF 95
93. TORTOISE - TURTLE 96
94. VISIT - VISIT TO 97
95. WEATHER - CLIMATE - SEASON 98
96. WELCOME - WELCOME TO 99
97. WITH CAR - BY CAR 100
98. X-RAY 101
99. 24 HOURS - 24-HOUR 102
100. 12 a.m - 12 p.m. 103